# ရေမြေစ်ကြီးကျေးရွာ

# မြိတ်မြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၃ - ၂၀၂၄)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ရေမြေစ်ကြီးကျေးရွာ၊မြိတ်မြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြိတ်မြို့နယ်နှင့်

ရေမြေစ်ကြီးကျေးရွာဖွံ့ဖြိုးရေးကော်မတီတို့ကူညီရေးဆွဲသည်)

၂၀၂၄ခုနှစ်၊မတ်လ

## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၄ |
| | **ရေမြစ်ကြီးကျေးရွာသယံဇာတပြမြေပုံ၊ Seasonal Calendar၊ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ၊ ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း၊ မြိတ်မြို့နယ်** | ၆ |
| ၁။ | **တည်နေရာနှင့်ပထဝီဝင်အနေအထား** | ၈ |
| ၂။ | **ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ** | ၈ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ** | ၈ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၉ |
| | (က) သီးနှံစိုက်ပျိုးရေး | ၉ |
| | (ခ) မွေးမြူရေးလုပ်ငန်းနှင့်ငါးလုပ်ငန်း | ၉ |
| | (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ | ၁၀ |
| | (ဃ) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၁၁ |
| | (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု | ၁၁ |
| ၅။ | **အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ** | ၁၂ |
| | (က) ကျေးလက်သယ်ယူပို့ဆောင်ရေး | ၁၂ |
| | (ခ) ကျေးရွာမီးလင်းရေး | ၁၂ |
| | (ဂ) သတင်းနှင့်ဆက်သွယ်ရေး | ၁ |
| ၆။ | **ပညာရေး** | ၁၂ |
| ၇။ | **ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး** | ၁၃ |
| ၈။ | **ဘေးန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၄ |

| | | |
|---|---|---|
| **၉။** | **ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ** | **၁၄** |
| **၁၀။** | **ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ** | **၁၅** |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း | **၁၆** |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဧယားများ | **၁၇** |
| | **နောက်ဆက်တွဲ (၃)** ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြုဧယား | ၇၀ |
| | **နောက်ဆက်တွဲ (၄)** ဦးစားပေးစီမံချက်အဆိုပြုလွှာ (၁) | **၇၅** |
| | **နောက်ဆက်တွဲ (၅)** ဦးစားပေးစီမံချက်အဆိုပြုလွှာ (၂) | **၇၇** |
| | **နောက်ဆက်တွဲ (၆)** ဦးစားပေးစီမံချက်အဆိုပြုလွှာ (၃) | **၇၉** |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ကျေးရွာ၏ လူထုအများစု ပေါင်းပါဝင်ရေးဆွဲ ထားသည့် ၂၀၂၃/၂၀၂၄ဘဏ္ဍာရေးနှစ်မှ ၂၀၂၇/၂၀၂၈ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည် ဖော်ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့်စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနှစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီ အစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စသည့်သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဧယားများ၊ ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှုအခြေပြဧယား၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာစသည်တို့ကို အဓိကထားဖော်ပြထားပါသည်။

**မတ်လ၊ ၂၀၂၄**

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**

**ရေမြစ်ကြီးကျေးရွာ**

**မြိတ်မြို့နယ်**

# ရေမြေစ်ကြီးကျေးရွာသယံဇာတပြမြေပုံ




**Seasonal Calendar**

## အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ

## ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ ေသာအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့်ကော င်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေးလု ပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၁၀ | ၄၆ | ၈၂ | ၃၁ |

**၁။တည်နေရာနှင့်ပထဝီဝင်အနေအထား**

ရေမြစ်ကြီးကျေးရွာသည် စန္ဒဝတ်ကျေးရွာအုပ်စုတွင်ပါဝင်ပြီး အရှေ့ဘက်နှင့် မြောက်ဘက်တွင် ကျွဲကူးမြစ်၊ အနောက်ဘက်နှင့် တောင်ဘက်တွင် နတ္တလင်း ကြိုးဝိုင်း၊ များနှင့် နယ်နိမိတ်ထိစပ်လျက်ရှိပါသည်။ ရေမြစ်ကြီးကျေးရွာသည် မြောက်လတ္တီကျူ ၁၂ဒီဂရီ၄၈မိနစ်၄စက္ကန့်နှင့်၉၈ဒီဂရီ၄၄မိနစ်၁၂စက္ကန့်အကြား တွင်တည်ရှိပါသည်။ ရေမြစ်ကြီး ကျေးရွာသည် ပထဝီဝင်အနေအထားအရ မြေပြန့်ဧရိယာပေါများပြီး၊ တောင်ကုန်း၊ တောင်တန်းများလည်းရှိသော ကျေးရွာတစ်ရွာဖြစ်ပါသည်။

**၂။ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ**

ရေမြစ်ကြီးကျေးရွာသည် ပူ၍မိုးများသောအပူပိုင်းမိုးသစ်တောရာသီဥတု ကျရောက် သည့်ဒေသအတွင်း တည်ရှိပါသည်။ အမြင့်ဆုံးအပူချိန် (၄၃) ဒီဂရီစင်တီဂရိတ်နှင့် အနိမ့်ဆုံး အပူချိန် (၁၇) ဒီဂရီစင်တီဂရိတ်ဖြစ်ပါသည်။ သဘာဝအရင်းအမြစ်များမှာ ကညင်ပင်၊ ပိတောက်၊ သပြေပင်၊သင်္ကန်းပင်၊ သစ်ယား၊တကူစသည့် အခြားသစ်ပင်များစွာရှိပါသည်။ အခြားသော သတ္တု၊ ကျောက်မျက်၊ခဲစသည့် သယံဇာတတွင်းထွက်များမှာ အလွန်ပင်ရှားပါး လှပါသည်။ သဘာဝအပင်မျိုးစိတ်များ၊ သဘာဝတိရိစ္ဆာန်မျိုးစိတ်များ အနည်းငယ်တွေ့ရှိ ရပါသည်။

**၃။ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ**

ရေမြစ်ကြီးကျေးရွာတွင်အိမ်ထောင်စု (၄၅၀) စုရှိပြီး၊ လူဦးရေစုစုပေါင်း (၂၃၃၁) ဦးရှိပါ သည်။ကျေးရွာတွင် ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ အသင့်အတင့် ကောင်းမွန်သည်ဟု ဆိုနိုင်သော်လည်း ကျေးရွာ၏လူမှုရေး၊ ပညာရေး၊ဘေးကင်း လုံခြုံရေးတို့အတွက် ရည်ရွယ်၍ ရပ်မိရပ်ဖအဖွဲ့၊ ကာလသား/သမီးအဖွဲ့၊ မီးသတ်အဖွဲ့၊ စာကြည့်တိုက်အဖွဲ့ စသည်ဖြင့် အဖွဲ့အချင်းချင်း ဆက်သွယ်ဆောင်ရွက်မှု အားကောင်း လျက်ရှိပါသည်။ ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီကို ကျေးရွာသူ/သားများကိုယ်တိုင် ပူးပေါင်းပါဝင်ကာ ရွေးချယ်ဖွဲ့စည်းခဲ့ပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်

ပါဝင်သောဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာ ဦးစီးဌာနများ၊ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ရေမြေစ်ကြီးကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးနေသော နိုင်ငံတကာ အဖွဲ့အစည်းများ/ ကျေးရွာပြင်ပမှလူမှုကူညီရေးအဖွဲ့များ အနေဖြင့် ငွေကြေး ကဏ္ဍအတွက် ဆောင်ရွက်ပေးနေသည့် အဖွဲ့အစည်းသာရှိပါသည်။ ပြည်တွင်း/ ပြည်ပ ကူညီရေး အဖွဲ့များအား သက်ဆိုင်ရာကဏ္ဍအလိုက်ချိတ်ဆက်ရန်လိုအပ်နေပါသည်။

**၄။စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(က) သီးနှံစိုက်ပျိုးရေး**

ရေမြေစ်ကြီးကျေးရွာတွင် လယ်မြေ (၃၁၂)ဧက၊ ဥယျာဉ်ခြံမြေ(၆၆၂)ဧက၊ ယာမြေ(၅၈)ဧက၊ ခနိတောမြေ(၂၁)ဧက၊ စုစုပေါင်း (၁၀၅၃)ဧကရှိပါသည်။ စိုက်ပျိုးမြေ ပိုင်ဆိုင် သည့်အိမ်ထောင်စု (၂၀၀) အိမ်ရှိပါသည်။ တောင်သူကြီး(၁၀)ဦးရှိပါသည်။ တောင်သူလတ် (၄၆)ဦးနှင့် တောင်သူငယ်(၈၂)ဦးရှိကျပါသည်။

ရေမြစ်ကြီးကျေးရွာတွင် အဓိကစိုက်ပျိုးသည့်သီးနှံမှာ စပါး၊ ရာဘာ၊ကွမ်းသီးတို့ ဖြစ်ကျပြီး အုန်းသီးနှင့်ဆောင်းသီးနှံများကိုလည်း စိုက်ပျိုးကြပါသည်။ ကျေးရွာ၏စိုက်ပျိုးရေးအတွက် မိုးရေနှင့်တွင်းရေ၊ မြစ်ချောင်းရေကို အဓိကထား စိုက်ပျိုးလုပ်ကိုင်ကြပါသည်။

လယ်ယာမြေအသုံးချနိုင်မှုမှာ အသင့်အတင့်အခြေအနေတွင်ရှိပါသည်။ သီးနှံမျိုး စေ့မှာ ဒေသမျိုးတစ်ခုကိုသာ သုံးစွဲနေသော်လည်း တောင်သူများအား မျိုးကောင်းမျိုးသန့် သုံးစွဲမှုနှင့်ပတ်သက်၍ ပညာပေးသင်တန်းများကို စိုက်ပျိုးရေးဦးစီးဌာနမှ တောင်းခံနိုင်ပြီး နည်းပညာများ လက်ခံကျင့်သုံးလာနိုင်လျှင် စပါးအထွက်နှုန်းများတိုးတက်လာပေမည်။ မြေဆီလွှာမကောင်းခြင်း၊ စိုက်ပျိုးမြေများတွင် ဆားငန်ရေဝင်ရောက်ခြင်း၊ သီးနှံအထွက် နှုန်းနည်းပါးမှုများ ကြုံတွေ့နေရသဖြင့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးသင်တန်းများ လိုအပ်နေပါသည်။ ထို့အပြင်မြေဆွေး၊အော်ဂဲနစ်များ ထည့်သွင်းအသုံးပြုမှုနှင့်ပတ်သက်၍ သုံးစွဲနည်းများကိုမသိရှိသည့်အတွက် ကျေးရွာစိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် အခက် အခဲတစ်ရပ်ဖြစ်နေပါသည်။

**(ခ) မွေးမြူရေးလုပ်ငန်းနှင့်ငါးလုပ်ငန်း**

ကျွဲကူးကျေးရွာတွင် နို့စားနွားမွေးမြူသည့်အိမ်ထောင်စု(၂)စု နွားကောင်ရေ (၂၅)ကောင်၊ နွားမွေးမြူသည့်အိမ်ထောင်စု((၄)စု နွားကောင်ရေ(၃၄)ကောင်၊ ဝက်မွေးမြူထားသည့် အိမ်ထောင်စု(၁၃)အိမ်ရှိပြီး ဝက်ကောင်ရေ(၂၅)ကောင်၊ ကြက်မွေးမြူသည့် အိမ်ထောင်စု(၁၅၁)စု၊ ကြက်ကောင်ရေ (၃၁၆၇၇)ကောင်ခန့်နှင့် ဘဲမွေးမြူသည့် အိမ်ထောင်စု (၈၂)စု နှင့် ဘဲကောင်ရေ (၄၂၁)ကောင်ခန့် မွေးမြူလျက်ရှိပါသည်။

ရေမြစ်ကြီးကျေးရွာတွင် မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့် အလမ်းများမှာ မျိုးကောင်းတိရစ္ဆာန်များ အသင့်အတင့် ဝယ်ယူရနိုင်ခြင်းနှင့် သွင်းအားစုများ ဝယ်ယူနိုင်ခြင်းများရှိပါသည်။ ကျေးရွာသည် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သည့် အတွက်စီးပွားဖြစ် မွေးမြူရေးနှင့် သားငါးထုတ်လုပ်မည်ဆိုပါက အဆင်ပြေသည့် ကျေးရွာဖြစ်ပါသည်။ ကျေးရွာတွင်နောက်ပိုင်းတွင် မွေးမြူနိုင်သည့် အိမ်ထောင်စုများ လာနိုင်သည့်အတွက် ငါးမွေးမြူရေးနှင့်သက်ဆိုင်သော နည်းပညာပေး သင်တန်းများ၊ မျိုးကောင်းမျိုးသန့်ရရှိနိုင်သည့်နေရာများ၊ မွေးမြူသည့်နည်းစနစ်များ ရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါသည်။

ရေမြစ်ကြီးကျေးရွာတွင် မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့်စိန်ခေါ်မှုများမှာမွေးမြူရေးနှင့်ပတ်သက်သည့် အတွေ့အကြုံ၊နည်းပညာမရှိခြင်း၊ မျိုးကောင်းမျိုးသန့်များဝယ်ယူရန်အတွက် အဆက်အသွယ်မရှိခြင်း၊ သောက်သုံးရေ ရှားပါးခြင်း စသည်တို့ဖြစ်ပါသည်။ ထိုကြောင့်ကျေးရွာတွင် နည်းပညာပေးသင်တန်းနှင့် မျိုးကောင်း မျိုးသန့်ဝယ်ယူရန်ချိတ်ဆက်ပေးရန် လိုအပ်လျက်ရှိပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ**

**ရေမြစ်ကြီးကျေးရွာ**တွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများမှာ အပ်ချုပ်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ ကုန်စုံဆိုင်လုပ်ကိုင်သူများနှင့် ဥယျာဉ်ခြံများတွင် အငှားလိုက် လုပ်သူ၊လယ်ယာစိုက်ပျိုးရေးတွင် အငှားလုပ်သူ၊ ရေလုပ်ငန်းတွင် လှေလိုက်သူစသည့် ကျပန်းလုပ်ငန်းလုပ်ကိုင်သူများဖြစ်ပါသည်။ လုပ်သားအင်အားရရှိနိုင်မှု အသင့်အတင့်ရှိပြီး အလုပ်အကိုင်အခွင့်အလမ်းနည်းပါးပါသည်။ ကျေးရွာရှိရောင်းဝယ် ဖောက်ကားနေသူများ တွင်စျေးကွက်ဆိုင်ရာ အသိအမြင်အသင့်အတင့်ရှိပြီး၊ ကုန်ကြမ်းရရှိ

နိုင်မှု အခြေအနေအသင့်အတင့်နှင့် ကျေးရွာနှင့်မြို့တို့လမ်းပန်းဆက်သွယ်ရေးမှာ ကောင်းမွန်ပါသည်။

ရေမြစ်ကြီးကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ၏ ပြဿနာ မှာကျေးရွာတွင် နေထိုင်သောသူအချို့သည် အခြားနိုင်ငံသို့ သွားရောက်လုပ်ကိုင်သည့်အတွက် လုပ်သားအင်အားအသင့်အတင့်သာရှိခြင်း၊ အခြားဒေသထွက်ကုန်များမှာလည်း ဈေးကွက်မရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးမှာ နွေရာသီတွင် သွားလာရ အဆင်ပြေသော်လည်းမိုးရာသီတွင် မြေသားလမ်းများဖြစ်သည့်အတွက် သွားလာရခက်ခဲခြင်း စသည်တို့ဖြစ်ပါသည်။ ကျေးရွာတွင် (၂၀%) အတိုးနှုန်းကြီးမြင့်စွာဖြင့် မိသားစုစားဝတ်နေရေးအတွက်ချေးယူနေရသည့်အတွက် သက်ဆိုင်ရာဌာနဆိုင်ရာမှ ကာလရှည်ချေးငွေများဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါသည်။ အဆင်ပြေသည့် အိမ်ထောင်စုများမှ သားသမီးများသာ အသက်မွေးဝမ်းကျောင်းပညာ သင်ယူနိုင်ကြပြီး ငွေကြေးမပြေလည်မှုကြောင့် ဆင်းရဲသည့်မိသားစုများအတွက် ပညာသင်ယူနိုင်သည့် အခွင့်အလမ်းနည်းပါးလှပါသည်။ ထိုကြောင့်ကျေးရွာတွင်ရှိသော အမျိုးသမီး/အမျိုးသားငယ်များ အတွက်အသက်မွေးဝမ်းကျောင်းပညာသင်တန်းများ ဖွင့်လှစ်ပို့ချပေးရန် လိုအပ်နေပါသည်။

**(ဃ)စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများမှာ ဆန်စပါး၊ကွမ်းသီး၊ငါး၊ပုစွန်၊ ငပိ၊ငါးခြောက်နှင့် ဟင်းသီးဟင်းရွက်တို့ပါဝင်ပါသည်။ မြို့တ်မြို့နှင့်သွားလာရမဝေးသည့် ကျေးရွာတစ်ရွာဖြစ်၍ ကျေးရွာထုတ်ကုန်များကိုဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်ပါသည်။

**(c) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

ရေမြစ်ကြီးကျေးရွာတွင်ပြင်ပမှ ချေးငွေကုမ္ပဏီများမှ အတိုးနှုန်းသက်သာသည့် နှုန်းထား ဖြင့်ချေးငွေထုတ်ချေးပေးလျက် ရှိပါသည်။ ကျေးရွာတွင် ငွေချေးပေးသူများထံမှ အတိုးနှုန်းကြီးစွာဖြင့် ချေးယူ၍မိသားစုစားဝတ်နေရေးကို ဖြေရှင်းကြရသည်။ ထို့ကြောင့် ကာလရှည် ချေးငွေများချေးယူရရှိမည်ဆိုပါက မိမိတို့လုပ်ကိုင်နေသော အသက်မွေးဝမ်းကျောင်း လုပ်ငန်းများတွင် ပိုမိုရင်းနှီးမြှုပ်နှံနိုင်လာမည်ဖြစ်ပါသည်။

**၅။အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ**

**(က) ကျေးလက်သယ်ယူပို့ဆောင်ရေး**

ရေမြစ်ကြီး ကျေးရွာ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် လှေ(၅၀)၊စက်လှေ(၁၁)စီး၊ စက်ဘီး(၄)စီး၊ မော်တော်ဆိုင်ကယ် (၃၅၃) စီး၊ သုံးဘီးဆိုင်ကယ် (၃) စီး၊ ထော်လာကျီ(၃)စီးနှင့် ကား(၁၃)စီး ကိုအဓိကထား အသုံးပြု ကြပါသည်။

ရေမြစ်ကြီးကျေးရွာတွင် ကျေးရွာတွင်းလမ်းများသည် ပျက်စီးနေပြီး သွားလာရ ခက်ခဲခြင်း၊ လမ်းပျက်စီးခြင်းများဖြစ်ပေါ်နေပါသည်။ ထိုကြောင့်ကျေးရွာရှိလမ်းများ ကောင်းမွန် စေရန် အတွက်ပြုပြင်ဆောင်ရွက်လိုကြပါသည်။

**(ခ) ကျေးရွာမီးလင်းရေး**

ရေမြစ်ကြီးကျေးရွာတွင် ဆိုလာဖြင့်(၃၁၄)အိမ်၊ ဒီဇယ်အင်ဂျင်ဖြင့် (၁၁)အိမ်သာ မီးရရှိပြီး ကျန်အိမ်ထောင်စုများမှာ မီးရရှိခြင်းမရှိပေ။ ယခုဘဏ္ဍာရေးနှစ်မှသာ အိမ်ထောင်စုအားလုံးသည် ဒီဇယ်အင်ဂျင်ဖြင့်(၂၄)နာရီ မီးလင်းမှုရရှိပါသည်။ ကျေးရွာ တစ်ရွာလုံးကျွတ် လျှပ်စစ်မီးရရှိလျက်ရှိသည့်အတွက် ကျေးရွာအတွင်း ကျောင်းသား များ၏ ပညာရေးကဏ္ဍတိုးတက်မြင့်မားလာခြင်း၊ လုံခြုံမှုပိုမိုကောင်းမွန်လာခြင်း၊ အိမ်ရှင်မများ အနေဖြင့် အချိန်မီချက်ပြုတ်နိုင်ခြင်း၊ အသေးစားစီးပွားရေးလုပ်ငန်းများ၊ စက်မှုလက်မှု လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေမှုကို အထောက်အပံ့ ပေးနိုင်ပါသည်။

**(ဂ) သတင်းနှင့်ဆက်သွယ်ရေး**

**ရေမြစ်ကြီးကျေးရွာ**တွင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များကို ဖုန်း (၁၁၂၄) လုံး၊ရေဒီယို(၁)လုံး၊တီဗွီ (၂၂၄)လုံး၊ ဂြိုလ်တုစလောင်း (၁၈၉) လုံးစသည်တို့မှ ရရှိသည့် အပြင် လူကြီးများသည် ဖုန်းကိုစနစ်တကျသုံးစွဲတတ်ခြင်းမရှိပါ။ ကျေးရွာတွင် (၂၄)နာရီ မီးလင်းမှုရရှိနေပြီး ဖုန်းလိုင်းသည် တစ်ရွာလုံးလိုင်းမိသည့်အတွက် သတင်းနှင့်ဆက်သွယ် ရေးကို အချိန်မီရရှိပါသည်။

**၆။ပညာရေး**

ရေမြစ်ကြီး ကျေးရွာတွင် စာမတတ်သူ(၀.၂၁%)ရှိပါသည်။ စာမတတ်သူများမှာ သက်ကြီးပိုင်း အရွယ်များဖြစ်ပြီး မူလတန်းအဆင့်စာတတ်မြောက်မှုသည် စုစုပေါင်းလူဦးရေ

၏(၅၅) ရာခိုင်နှုန်း၊ အလယ်တန်းအဆင့်စာတတ်မြောက်မှုသည် (၃၁) ရာခိုင်နှုန်း၊ အထက်တန်း အဆင့်စာတတ်မြောက်မှုသည် (၁၀) ရာခိုင်နှုန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုသည် (၂.၁)ရာခိုင်နှုန်းရှိပါသည်။

ရေမြေစ်ကြီးကျေးရွာတွင် ယခုလက်ရှိပညာသင်ကြားနေသောလူဦးရေမှာ မူလတန်းအဆင့်တွင် (၃၂၂)ဦး၊ အလယ်တန်းအဆင့်တွင် (၁၇၂)ဦး၊ အထက်တန်းအဆင့်တွင် (၉၄)ဦး၊ တက္ကသိုလ်အဆင့်တွင် (၂၉)ဦးဖြင့် ပညာသင်ယူနေကြပါသည်။ တက္ကသိုလ်အဆင့် ရှိသည့် ကျောင်းသား/သူများသည် မြိတ်မြို့တွင်ရှိသည့် မြိတ်တက္ကသိုလ် နှင့်အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များတွင်တက်ရောက်ကြပါသည်။

ရေမြေစ်ကြီးကျေးရွာတွင်အလယ်တန်း(ခွဲ)စာသင်ကျောင်းရှိပြီး ကျောင်းအုပ်ဆရာမကြီး အပါအဝင် ဆရာမ(၁၄)ဦးရှိပါသည်။ ကျောင်းသားဦးရေ (၆၁၇) ကျော်ရှိပါသည်။ စာသင်ကျောင်းတွင်ခြံစည်းရိုး၊ အားကစားကွင်းလည်းရှိပါသည်။

မူလတန်းအဆင့် အခမဲ့ပညာရေးစနစ်ကြောင့် ဆင်းရဲသောမိသားစုများအတွက်လည်း အခက်အခဲမရှိ ကျောင်းတက်ခွင့်ရနေပါသည်။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဖွဲ့စည်းထားခြင်းရှိပြီး ကျောင်းမတက်နိုင်သူများကို ကျေးရွာမှကျောင်းထားပေးသည့် အစီအစဉ်လည်းရှိပါသည်။ ထို့အပြင် ကုန်ကျစရိတ်သက်သာသော ကလေးအားကစားကွင်း တစ်ခုလည်း လိုအပ်နေပါသည်။ ကျောင်းသား၊ကျောင်းသူများအား စာကျက်ဖြစ်စေရန် တိုက်တွန်းအားပေးရန်နှင့် စာကျက်ဝိုင်းများ ပြုလုပ်ပေးရန်အတွက် မိဘများမှ ဝိုင်းဝန်းဆောင်ရွက်ရန်မှာအရေးပါလှပါသည်။

**၇။ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

ရေမြေစ်ကြီးကျေးရွာသည် မြိတ်မြို့နှင့်နီးကပ်သည့်အတွက်ကြောင့် အရေးပေါ်အခြေအနေ မျိုးဖြစ်ပေါ်လျှင် မြိတ်မြို့ရှိဆေးခန်းများသို့ သွားရောက်ရပြီး ရောဂါပြင်းထန်မှသာ မြိတ်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကုသကြပါသည်။ ကာကွယ်ဆေးထိုးနှံမှုများလစဉ်ပြုလုပ်ပေးလျက်ရှိပါသည်။ ကျန်းမာရေးဟောပြောပွဲများပြုလုပ်ရန် လိုအပ်နေပါသည်။

ရေမြေစ်ကြီးကျေးရွာတွင်ရေတွင်း(၃၃)တွင်းရှိပြီး၊ စိမ့်စမ်းရေကိုအဓိက အသုံးပြုကြသောကြောင့် ရေဖူလုံပြီး နွေရာသီရောက်သည့်အခါမှသာ အခက်အခဲအနည်းငယ်ကြုံရပါသည်။

ရေမြစ်ကြီးကျေးရွာတွင် အိမ်ထောင်စုတိုင်းလိုလို သန့်ရှင်းသည့် ယင်လုံအိမ်သာ သုံးစွဲလျက် ရှိကြပါသည်။

၈။ဘေးန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ရေမြစ်ကြီးကျေးရွာတွင် ယခုလက်ရှိအချိန်အထိ သဘာဝဘေးအန္တရာယ် ကျရောက်မှု မရှိပါ။ အကယ်၍ ဘေးအန္တရာယ်ကျရောက်မည်ဆိုပါက ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများလည်းထားရှိမှုမရှိပါ။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအနေဖြင့် အမှိုက်စွန့်ပစ်ရာတွင်စည်းစနစ်တကျမရှိဘဲ စည်းကမ်းမဲ့စွာစွန့်ပစ်လျက်ရှိသဖြင့် ပညာပေးဟောပြောပွဲများပြုလုပ်ပေးရန် လိုအပ်နေပါသည်။ ထိုမှသာလျှင်ကျေးရွာသူ/သားများ ကောင်းကျိုး၊ ဆိုးကျိုးကိုခွဲခြားတတ်လာပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်းလုပ်ငန်းများကို တက်ကြွစွာပါဝင်လုပ်ဆောင်လာမည်ဖြစ်ပါသည်။

**၉။ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ**

ရေမြစ်ကြီးကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသားဦးရေမှာ အမျိုးသမီးဦးရေထက်များပြားပါသည်။ ကျေးရွာရှိအဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုနှုန်းမှာ အလွန်ပင်နည်းပါးပါသည်။ ကျေးရွာရှိအုပ်ချုပ်ရေးနှင့် လူမှုရေးအသင်းအဖွဲ့များတွင် အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူပါဝင်လုပ်ဆောင်လာမည်ဆိုလျှင် ကျေးရွာသည် မုချကေန် တိုးတက်ပြောင်းလဲလာပါမည်။ ထိုနည်းတူစွာကျေးရွာတွင် အမျိုးသမီးများ၏ တစ်နေ့အနည်းဆုံးလုပ်အားခသည် (၇၀၀၀)ကျပ်ဖြစ်ပြီး အမျိုးသားများ၏ တစ်နေ့အနည်းဆုံး လုပ်အားခသည် (၁၀၀၀၀) ကျပ်ဖြစ်ပါသည်။ ထိုမတူညီသော လုပ်အားခများက အမျိုးသမီးများ၏ စိတ်ဓာတ်အရည်အသွေးကို လျော့ကျစေပါသည်။ အမျိုးသမီးများ၏ စိတ်ဓာတ်အရည်အသွေးကို မြင့်တင်ပေးပြီး ကျေးရွာရှိစီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး အသင်းအဖွဲ့များတွင် အမျိုးသမီးများပိုမိုပါဝင်လာစေရန် ဖိတ်ခေါ်ရမည်ဖြစ်ပါသည်။ အမျိုးသမီးရေးရာအကြမ်းဖက်မှုများ၊ ဥပဒေနှင့်တရားမျှတမှုဆိုင်ရာများအတွက် အသိအမြင်မရှိသဖြင့် ပညာပေးသင်တန်းများ၊ ဟောပြောပွဲများပြုလုပ်ရန် လိုအပ်နေပါသည်။

## ၁၀။ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် – စန္ဒဝတ် | | | ကျေးရွာအမည် – ရေမြှစ်ကြီး | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၁ | အခြေခံအဆောက်အဦ | ကျေးလက်<br>လမ်းတံတား | ကျေးရွာတွင်းလမ်းကျောက်ချောလမ်းခင်းခြင်း၅၃၀'x ၁၂'x ၁"ထု<br>(၄၀၂'x၁၀'–၀"x၁'–၀") | |
| ၂ | အခြေခံအဆောက်အဦ | ပညာရေး | ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း | |
| ၃ | အခြေခံအဆောက်အဦ | လျှပ်စစ် | လျှပ်စစ်မီး | |

## စန္ဒဝတ်ကျေးရွာအုပ်စု ၊ ရေမြစ်ကြီးကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | ရာထူး | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးမောင်ဦး | ဦးပေါ်ထွန်း | ဖ/မအရ(နိုင်)၀၂၀၄၅၈ | ၆၃ | ဥက္ကဋ္ဌ | ၀၉၈၈၉၉၃၃၃၁ |
| ၂ | ဒေါ်ခင်နှောင်းဝေ | ဦးထွန်းလှ | ဖ/မမန(နိုင်)၁၆၇၁၃၀ | ၃၄ | အတွင်းရေးမှူး | ၀၉၄၀၄၁၄၃၅၇ |
| ၃ | ဒေါ်စိုးအိမွန် | ဦးစိုးနိုင် | ဖ/မမန(နိုင်)၁၆၇၃၀၀ | ၃၆ | ဘဏ္ဍာရေးမှူး | ၀၉၂၅၉၃၃၄၄၆ |
| ၄ | ဦးသိန်းစိုး | ဦးအိုပု | ဖ/မမန(နိုင်)၁၅၉၂၄၇ | ၃၉ | စာရင်းကိုင် | ၀၉၄၅၃၆၂၂၂၅၁ |
| ၅ | ဒေါ်ကလျာဖြိုး | ဦးကျော်ဝင်းဆွေ | ဖ/မမန(နိုင်)၁၆၇၁၀၁ | ၃၁ | အဖွဲ့ဝင် | ၀၉၄၄၄၉၆၁၇၅၁ |
| ၆ | ဦးရာဇာမင်း | ဦးပေါစိန် | ဖ/မမန(နိုင်)၂၃၉၈၃၀ | ၂၀ | အဖွဲ့ဝင် | ၀၉၂၅၂၉၂၄၅၅၈၀ |
| ၇ | ဦးရန်နိုင်ထွန်း | ဦးကျော်အေး | ဖ/မမန(နိုင်)၂၀၃၁၆၅ | ၂၃ | အဖွဲ့ဝင် | ၀၉၈၉၁၅၄၅၅၇၆ |
| ၈ | ဦးမျိုးအောင် | ဦးထွန်းလုံ | ဖ/မအရ(နိုင်)၀၂၁၆၅၃ | ၅၄ | အဖွဲ့ဝင် | ၀၉၄၀၃၆၉၄၄၃၁၁ |
| ၉ | ဦးစန်းဝေ | ဦးဦးတင် | ဖ/မအရ(နိုင်)၀၂၂၉၁၇ | ၅၇ | အဖွဲ့ဝင် | - |

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၇ | ၁၂ | ၁၉ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၆၂ | ၆၀ | ၁၂၂ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၉၂ | ၇၉ | ၁၇၁ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၁၀၁ | ၁၀၇ | ၂၀၈ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၈၆၉ | ၈၅၁ | ၁၇၂၀ | ၁ | |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၄၁ | ၅၀ | ၉၁ | | ၁ |
| **စုစုပေါင်း** | | **၁၁၇၂** | **၁၁၅၉** | **၂၃၃၁** | **၁** | **၁** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၄၅၀** | | | | |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက်(၁)နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့်ငင်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။**

**လေ့လာတွေ့ရှိချက်။။။** ရေမြစ်ကြီးကျေးရွာတွင်အိမ်ထောင်စုပေါင်း (၄၅၀) အိမ်ရှိပြီး လူဦးရေပေါင်း (၂၃၃၁) ဦးရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ် **(၀.၈၁%)**၊ ၅နှစ်အောက် ကလေးအရွယ်(**၅.၂%**)၊ **မူလတန်း ကျောင်းသားအရွယ်(၇.၃%)၊ အလယ်တန်းကျောင်းသားအရွယ်(၈.၉%)၊ ။** ပျမ်းမျှ အနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည်တစ်ရွာလုံးရှိ လူဦးရေ၏(**၂၂.၃၁%**)နှင့် အလုပ်လုပ်နိုင်သည့်အရွယ် ကျား(**၈၆၉**)ဦး၊မ(**၈၅၁**)ဦး စုစုပေါင်း (**၁၄၁၇**)ဦးရှိပြီး တစ်ရွာလုံးလူဦးရေ၏(၇၃.၇%)ရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင် လျှင်(**၅.၁၈**)ဦးနှုန်းရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅)ဦးနှုန်းစံနှုန်းဖြင့်ကိုက်ညီလျက်ရှိပါသည်။ ကျေးရွာအတွင်း အလုပ်လုပ်နိုင်သောလူဦးရေများပြားမှုကြောင့် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ်ကောင်းများအဖြစ် ထောက်ပံ့မှုပေးနိုင်ပါသည်။ ကျေးရွာတွင်

အိမ်ထောင်စုစာရင်းမရရှိသေးသည့် အိမ်ထောင်စုများလည်းရှိပါသည်။ ကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု(၄၇)စုရှိပြီး မသန်စွမ်းသူ(၂)ဦး ရှိပါသည်။

**(ခ) အလုပ်လုပ်နိုင်သူအင်အား**

**(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

| စဉ် | လုပ်ငန်းများ | အိမ်ကအလုပ်အကိုင် | | | | | အိမ်က ဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုေကျာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၇၂ | | ၄ | ၆၉ | ၃ | | မြင့် ☑ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | | ၃ | ၂ | ၀ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁၈ | | ၁ | ၁၅ | ၃ | | မြင့် ☑ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | | | ၂ | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၈၃ | | ၁ | ၈၃ | | ၁ | မြင့် ☑ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၆၅ | | ၁၁ | ၅၃ | ၁၂ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၇ | | ၂ | ၅ | ၂ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုေ ေျာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | | | ၃ | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၅ | | ၁ | ၇ | ၁ | | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၇ | | ၃ | ၃ | ၁ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | **လက်လီ– လက်ကား ရောင်းဝယ်ရေး** | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုေ ေျာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၄ | | ၄ | ၂၀ | ၄ | ၁ | မြင့် ☐ လတ်☑နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | | ၁ | ၁ | | | မြင့် ☐ လတ်☐နိမ့် ☑ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | | | ၅ | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | | | ၁ | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | **ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၅ | | | ၅ | ၀ | ၇ | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုေ ေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အင်္ဂါးလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၂၂၆ | | ၁၉ | ၂၀၀ | ၂၆ | | |
| ၂၁ | | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | **စုစုပေါင်း** | ၄၅၀ | | ၄၇ | | | ၉ | ☒ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။"အခြားဝင်ငွေရလုပ်ငန်းအဖြစ်**
**လုပ်ကိုင်သူများ"**အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါကအဆိုပါလုပ်ငန်းတွင်ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ရေမြေစ်ကြီးကျေးရွာတွင်စိုက်ပျိုးရေး လုပ်ငန်းများအား အဓိကထားလုပ်ကိုင်သောအိမ်ထောင်စု (၁၄၆)စု၊ ရေလုပ်ငန်းလုပ်ကိုင်သူအိမ်ထောင်စု(၈၃)စု၊ ဆောက်လုပ်ရေးလုပ်ငန်းလုပ်ကိုင်သူ(၈)စု၊ ကျွမ်းကျင်ပညာရှင်(၄)စု၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သည့်အိမ်ထောင်စု(၂၅)စု၊ ကားမောင်းသည့်အိမ်ထောင်စု (၆)စု၊ ပြည်သူဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သူ (၅)စုရှိပါသည်။ ထို့ကြောင့်ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကဝင်ငွေရ အလုပ်အကိုင်အဖြစ် အားထားလုပ်ကိုင်ကြသည်ဟု ဆိုရမည်ဖြစ်ပါသည်။ အခြားရွာများနည်းတူ ကျပန်းလုပ်ငန်းလုပ်ကိုင်ကြသည့် အိမ်ထောင်စု (၂၂၆)စုရှိပါသည်။

**(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၁၂၀၀၀ | ၉၀၀၀ | ၁၀၀၀၀ | ၆၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၅၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၂၀၀၀ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၅၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၆၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)**

**(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)**

**လေ့လာတွေ့ရှိချက်။** ။ရေမြေစ်ကြီးကျေးရွာတွင် အများဆုံးလုပ်ငန်းအဖြစ် စိုက်ပျိုးရေးလုပ်ငန်းတွင် လုပ်ကိုင်သူများပြားပြီး ဆောက်လုပ်ရေးလုပ်ငန်း တစ်နေ့တွင်အမျိုးသား**(၁၅,၀၀၀မှ၈၀၀၀)ကျပ်ခန့် အမျိုးသမီး (၁၀၀၀၀ မှ ၆၀၀၀**)ကျပ်ခန့် နှင့် မွေးမြူရေးလုပ်ငန်းများ၌ အမျိုးသားများမှာ (၅၀၀၀)မှ ၃၀၀၀ကျပ်ခန့်နှင့် အမျိုးသမီးများမှာ (၃၀၀၀)ကျပ်မှ(၂၀၀၀)ကျပ်ခန့်ရရှိသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ**

**ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | **မြေဆီလွှာအရည်အသွေး**(မှန်ရာတစ်ခုကိုသာရွေးရန်) | | |
|---|---|---|---|---|
| **လယ်မြေ** | ၃၁၂ | ကောင်း ☐ | သင့်☑ | ညံ့ ☐ |
| **ယာမြေ / တောင်ယာမြေ** | ၅၈ | ကောင်း ☐ | သင့်☑ | ညံ့ ☐ |
| **ဥယျာဉ်ခြံမြေ** | ၆၆၂ | ကောင်း ☑ | သင့်☐ | ညံ့ ☐ |
| **ကိုင်း/ကျွန်းမြေ** | | ကောင်း ☐ | သင့်☐ | ညံ့ ☑ |
| **ခနီတောမြေ** | ၂၁ | ကောင်း ☐ | သင့်☑ | ညံ့ ☐ |
| **စားကျက်မြေ** | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| **မြေလွတ်မြေလပ်** | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| **စုစုပေါင်း** | ၁၀၅၃ | ☒ | | |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်ကသီးသန့်လျာထား သတ်မှတ်သည့် မြေများကိုဆိုသည်။**

လေ့လာတွေ့ရှိချက်။။။ 2323232323ရေမြေစ်ကြီးကျေးရွာတွင် စပါးကိုအဓိကစိုက်ပျိုးပြီး တစ်ခြား စိုက်ပျိုးသီးနှံအများစုမှာ ကွမ်းသီးနှင့်ရာဘာကိုစိုက်ပျိုးကျပါသည်။ မြေဆီလွှာအရည်အသွေးသည် အသင့်တင့်သောအခြေအနေတွင်ရှိပါသည်။ ကွမ်းရွက်နှင့်ရာသီစာသီးနှံ (ဆောင်းသီးနှံ) များကိုလည်း တစ်ပိုင်တစ်နိုင်စိုက်ပျိုးကြပါသည်။ ရာသီအလိုက် ပိုးမွှားရောဂါကျရောက်ခြင်းများရှိသည့်အတွက် နည်းပညာပေး

သင်တန်းများ ပို့ချပေးခြင်းစသည်တို့ပြုလုပ်ရန် လိုအပ်နေပါသည်။

**(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

**ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

| **အမျိုးအစား** | **ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်) | **အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်) | **လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ**(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| **သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)** | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| **ကျောက်၊သဲ၊ကျောက်စရစ်စသည်များ** | များ ☐ သင့်☑ နည်း ☐မရှိ ☐ | လွယ် ☐ ခက်☑အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး☐အပြောင်းအလဲမရှိ ☑ |
| **သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)** | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☐ ခက်☑အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐အပြောင်းအလဲမရှိ ☑ |
| **သဘာဝတိရစ္ဆာန်မျိုးစိတ်များ** | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | ☒ | လျော့ ☑တိုး ☐ အပြောင်းအလဲမရှိ ☐ |
| **ရေ - မြေပေါ်ရေ(အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)** | များ ☑ သင့်☐ နည်း ☐မရှိ ☐ | လွယ် ☑ ခက်☐အသုံးမပြုနိုင်ပါ ☐ | လျော့ ☑ တိုး ☐အပြောင်းအလဲမရှိ ☐ |
| **ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)** | များ ☑ သင့်☐ နည်း ☐ မရှိ ☐ | လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| **သစ်တော -** | များ ☐ သင့်☑ နည်း ☐ | လွယ် ☐ ခက်☐ | လျော့ ☐ တိုး ☐ |

| **အမျိုးအစား** | **ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်) | **အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်) | **လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ**(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| **အပူပိုင်းသစ်တော** | မရှိ ☐ | အသုံးမပြုနိုင်ပါ ☑ | အပြောင်းအလဲမရှိ ☑ |
| **သစ်တော – ဒီရေတောများ** | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။**

လေ့လာတွေ့ရှိချက်။။။ ရေမြစ်ကြီးကျေးရွာတွင် ကျောက်၊သဲ၊ကျောက်စရစ်ထွက်ရှိမှုမှာ မရှိသလောက်ရှားပါးပြီး၊ သဘာဝတိရစ္ဆာန်မျိုးစိတ်များ ထွက်ရှိမှု၊ သဘာဝအပင်မျိုးစိတ်များ၊ ကျေးရွာတွင် အသင့်တင့်ထွက်ရှိပြီး မလုံလောက်သည့်အချိန်တွင် အခြားကျေးရွာများမှဝယ်ယူအသုံးပြုကြပါသည်။ မြေပေါ်ရေနှင့် မြေအောက်ရေ ထွက်ရှိမှုသည် ကျေးရွာတွင်များပြားပါသည်။

**(ဃ) ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ**

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့်ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေးလုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၁၀ | ၄၆ | ၈၂ | ၃၁ |

**ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။**

လေ့လာတွေ့ရှိချက်။ ။ရေမြေစ်ကြီးကျေးရွာတွင် အိမ်ထောင်စုအများစုသည် မပြေလည်သော အိမ်ထောင်စုများ ဖြစ်ကြပါသည်။ ကျေးရွာသူ/သားအများစုသည်လည်း စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည့် စပါးစိုက်ပျိုးခြင်း၊ ရာဘာနှင့်ကွမ်းသီးကို အဓိကထား လုပ်ကိုင်ကြပါသည်။ ကျေးရွာအတွင်းဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မည်ဆိုပါက ကျေးရွာသူ/သားများအနေဖြင့် လုပ်အားအလှူဖြင့်ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**(c) ထိခိုက်လွယ်မှု**

**(c-၁) ဝမ်းစာဖူလုံမှု**

**ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လအောက်ဝမ်းစာဖူလုံမှု | ၃၁၂ | ၃၀ | အခြားအစာပြောင်းလဲစား = _____<br>အစာလျှော့စား = _____<br>အထောက်အပံ့ယူ = _____<br>ချေးယူ = _____၁၀၀_____<br>လုပ်အားခကြိုယူ = _____၂၁၂_____ |
| ၃လနှင့်ဖြလကြားဝမ်းစာဖူလုံမှု | ၈၂ | ၁၂ | အခြားအစာပြောင်းလဲစား = _____<br>အစာလျှော့စား = _____<br>အထောက်အပံ့ယူ = _____<br>ချေးယူ = _____၄၀<br>လုပ်အားခကြိုယူ = _____၄၂ |
| ဖြလမှ၁၂လအထိဝမ်းစာဖူလုံမှု | ၅၆ | ၅ | အခြားအစာပြောင်းလဲစား = _____<br>အစာလျှော့စား = _____<br>အထောက်အပံ့ယူ = _____<br>ချေးယူ = _____<br>လုပ်အားခကြိုယူ = _____ |

**ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

လေ့လာတွေ့ရှိချက်။ ။ ရေမြေစ်ကြီးကျေးရွာတွင် ဝမ်းစာဖူလုံမှုအနေဖြင့် အိမ်ထောင်စု(၅၂၃)စုကို စစ်တမ်းကောက်ယူ ခဲ့ပါသည်။ စစ်တမ်းကောက်ယူမှုအရချေးငွေယူသည့် အိမ်ထောင်စု(၁၄၅)စုရှိပါသည်။ ထိုအိမ်ထောင်စု(၁၄၅)စုထဲတွင် အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု(၁၄၀)စုပါဝင်ပါသည်။ အိမ်ထောင်စု (၂၅၄)ခန့်မှာ လုပ်အားခကြိုတင်ရယူ၍ ဆောင်ရွက်လျက် ရှိကြောင်းတွေ့ရသည်။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက် | | | |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | | | |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | ၃၀ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု | | | |

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ရေမြစ်ကြီးကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အိုမရှိပါ။ မသန်စွမ်းသည့်ကျား(၁)ဦး၊ မ(၁)ဦးရှိပါသည်။ (၆၅)နှစ်အထက် အသက်ကြီးသည့်ကျား(၄၁)ဦးနှင့် မ(၅၀)ဦးရှိပါသည်။

(c-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | မြစ်ရေကြီးမှု | ✓ | | | ✓ | | |
| ၂ | လျှပ်တပြတ်ရေကြီးခြင်း | ✓ | | | ✓ | | |
| ၃ | မုန်တိုင်းဒီရေ | ✓ | | | ✓ | | |
| ၄ | ဆူနာမီ | ✓ | | | ✓ | | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| ၅ | တိုင်ဖုန်းမုန်တိုင်း | ✓ | | | ✓ | | |
| ၆ | လေဆင်နှာမောင်း | ✓ | | | ✓ | | |
| ၇ | ငလျင် | ✓ | | | ✓ | | |
| ၈ | အပူလှိုင်း | ✓ | | | ✓ | | |
| ၉ | စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု | ✓ | | | ✓ | | |
| ၁၀ | အအေးလှိုင်း | ✓ | | | ✓ | | |
| ၁၁ | မိုးသီးကြွေကျမှု | ✓ | | | ✓ | | |
| ၁၂ | မိုးခေါင်ခြင်း | ✓ | | | ✓ | | |
| ၁၃ | တောမီးလောင်ခြင်း | ✓ | | | ✓ | | |
| ၁၄ | မြစ်ကမ်းပါးပြိုခြင်း | | ✓ | | | ✓ | |
| ၁၅ | ကမ်းရိုးတန်းတိုက်စားမှု | | ✓ | | | ✓ | |
| ၁၆ | မြေပြိုခြင်း | | ✓ | | ✓ | | |
| | လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁၇ | စားနပ်ရိက္ခာမဖူလုံမှု | ✓ | | | | | ✓ |
| ၁၈ | သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ) | | | ✓ | | | ✓ |
| ၁၉ | မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း | | ✓ | | ✓ | | |
| ၂၀ | သစ်တောပြုန်းတီးခြင်း | | ✓ | | ✓ | | |
| ၂၁ | ဌက်ဖျားရောဂါ | ✓ | | | | | ✓ |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| ၂၂ | တီဘီရောဂါ | ✓ | | | | | ✓ |
| ၂၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | ✓ | | | | | ✓ |
| ၂၄ | ကပ်ရောဂါ | ✓ | | | | | ✓ |
| ၂၅ | ပြည်တွင်းပဋိပက္ခ | ✓ | | | | | ✓ |
| ၂၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | | ✓ | | ✓ | | |
| ၂၇ | လူကုန်ကူးခြင်း | ✓ | | | | | ✓ |
| ၂၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ဝေးခက်ခဲခြင်းစသည် | ✓ | | | | | ✓ |

**ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။**

**မှတ်ချက်။ ။ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါ ကကျေးရွာ၏ မည်သို့သောအိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှုခံစားကြရပါသလဲ။ (ဥပမာ။။။အိမ်ထောင်စု၁၀၀တွင် ၂၅အိမ်ထောင်စုအောက် - နိမ့်အိမ်ထောင်စု၁၀၀တွင် ၂၅မှ၅၀အိမ်ထောင်စု - လတ်အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် - မြင့်)**

လေ့လာတွေ့ရှိချက်။။။ ရေမြစ်ကြီးကျေးရွာတွင် ထိခိုက်သက်ရောက်လွယ်မှုအခြေအနေအရ တစ်ခါတစ်ရံ မြေပြိုခြင်းနှင့် တောမီးလောင်ခြင်းများဖြစ်ပွားပြီး လူကြောင့်ဖြစ်သည့် ဘေးအန္တရာယ်များအနေဖြင့် သဘာဝအရင်းအမြစ်ရှားပါးမှု(မြေ)၊ မြေဆီလွှာပျက်စီးခြင်း၊ သစ်တောပြုန်းတီးခြင်းနှင့် တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှုများဖြစ်ပေါ်လျက်ရှိသည့် နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချရန်လိုအပ်လျက်ရှိပါသည်။ သစ်တောထိန်းသိမ်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်လျက်ရှိပါသည်။

(c-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | လူငယ် | ✓ | | | | | ✓ |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု | | ✓ | | | | ✓ |
| ၃ | ဆင်းရဲသားတောင်သူ | | ✓ | | | | ✓ |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ | ✓ | | | | | ✓ |
| ၅ | ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ | ✓ | | | | | ✓ |
| ၆ | မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ | ✓ | | | | | ✓ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP) | ✓ | | | | | ✓ |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | ✓ | | | | | ✓ |
| ၉ | ငါးကန်ပိုင်ရှင်များ | ✓ | | | | | ✓ |
| ၁၀ | လက်လုပ်လက်စားများ၊ကျပန်းများ | | | ✓ | ✓ | | |
| ၁၁ | လူနည်းစုလူမျိုးများ | ✓ | | | | | ✓ |
| ၁၂ | ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ | ✓ | | | | | ✓ |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁၃ | နယ်စပ်ဒေသတွင်နေထိုင်သူများ | ✓ | | | | | ✓ |
| ၁၄ | ရွှေတွင်းလုပ်သားများ | ✓ | | | | | ✓ |
| ၁၅ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | ✓ | | | | | ✓ |
| ၁၆ | နေရပ်ပြန်အခြေချသူများ | ✓ | | | | | ✓ |
| ၁၇ | ရွှေ့ပြောင်းလုပ်သားများ | ✓ | | | | | ✓ |
| ၁၈ | ကားမောင်းပြီးအသက်မွေးသူများ | | ✓ | | | | ✓ |

**ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။**

**မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများစသည် တို့သည်မည်သို့သောအခြေအနေများတွင် လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။**

လေ့လာတွေ့ရှိချက်။။။ ရေမြေစ်ကြီးကျေးရွာတွင် ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများမှာ ဆင်းရဲ၍ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု၊ ဆင်းရဲသားတောင်သူအများအပြားနှင့် လက်လုပ်လက်စားကျပန်း လုပ်သားများ ဖြစ်ပါသည်။ ထိုအိမ်ထောင်စုများအတွက် ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ ဆောင်ရွက်ပေးရန်လိုအပ်လျက်ရှိပါသည်။

(၂)  ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က)  ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁)  ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | ဂေါပကအဖွဲ့ | ၁☐၂☑၃☐ | ၂ | ၁၅ | ၁၇ | ပညာရေး☐ငွေကြေး☑<br>ကျန်းမာရေး☑ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑<br>လုံခြုံရေးနှင့်ကာကွယ်ရေး☑ | ကောင်း☑<br>သင့်☐<br>ညံ့☐ |
| ၂ | အဘိဓမ္မာအဖွဲ့ | ၁☐၂☐၃☑ | | ၁၀ | ၁၀ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☑<br>သင့်☐<br>ညံ့☐ |
| ၃ | ရပ်မိ/ရပ်ဖ | ၁☐၂☑၃☐ | ၉ | | ၉ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☑<br>သင့်☐<br>ညံ့☐ |
